# အခန်း ၅ အလျားအတိုင်းအတာနှင့် အကွာအဝေး

## ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

### အတန်းအလိုက်ရည်ရွယ်ချက်

၃. ၁၇။ အလျား၏ယူနစ် ကီလိုမီတာအထိ အသုံးပြုတတ်ရန်၊

### အခန်းအလိုက်ရည်ရွယ်ချက်

၃. ၁၇. ၁. ၁။ အလျားကို မီတာကြိုးအသုံးပြုပြီး မီတာနှင့် စင်တီမီတာတို့ဖြင့် တိုင်းတာတတ်ရန်၊

၃. ၁၇. ၁. ၂။ မီလီမီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျား အတိုင်းအတာများကို ပေါင်းတတ်၊ နုတ်တတ်ရန်၊

၃. ၂၂. ၁. ၁။ တောင်နှင့် ထွာ စသည့် အလျားတိုင်းယူနစ်များကို အသုံးပြုတတ်ရန်၊

## စာသင်ချိန်

- ၈ ချိန်

## သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပေးပြီး ဇယားတွင် ဖော်ပြထားသောစံများကို အခြေခံ၍ အကဲဖြတ်ရမည်။

**သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား**

| စာသင်ချိန် | သင်ယူမှု ဦးတည်ချက် | စာသင်ချိန်အသီးသီးရှိ လုပ်ငန်းများ | အကဲဖြတ်ရမည့်စံ |
|---|---|---|---|
| ၁-၂ | ၁. ၅ မီတာရှိသော မီတာကြိုးကို အသုံးပြု၍ ရရှိနိုင်သောပစ္စည်းများဖြင့် ၁၀ မီတာရှိသော မီတာကြိုး ပြုလုပ်တတ်ရန်၊ | ● ၁. ၅ မီတာရှိသော မီတာကြိုးကို အသုံးပြု၍ ရရှိနိုင်သောပစ္စည်းများဖြင့် ၁၀ မီတာရှိသော မီတာကြိုးပြုလုပ်ခြင်း၊<br>● ထိုမီတာကြိုးပေါ်တွင် ပေးထားသော အလျားများကို ပြသည့်အမှတ်များကို ရှာခြင်း၊ | ● ကလေးများသည် ၁. ၅ မီတာရှိသော မီတာကြိုးကို အသုံးပြု၍ ရရှိနိုင်သောပစ္စည်းများဖြင့် ၁၀ မီတာရှိသော မီတာကြိုးပြုလုပ်နိုင်မည်။<br>● ကလေးများသည် ထိုမီတာကြိုးပေါ်တွင် ပေးထားသောအလျားများကို ပြသည့်အမှတ်များကို ရှာနိုင်မည်။ |
| ၃ | ပစ္စည်းများ၏ အလျားကို မီတာနှင့် စင်တီမီတာတို့ဖြင့် တိုင်းတာရန်အတွက် ၁၀ မီတာကြိုးကို အသုံးပြုတတ်ရန်၊ | ● ၁၀ မီတာအကွာအဝေးကို ခန့်မှန်းခြင်း၊<br>● ပစ္စည်းများ၏အလျားကို မီတာနှင့် စင်တီမီတာတို့ဖြင့် တိုင်းတာရန်အတွက် ၁၀ မီတာကြိုးကို အသုံးပြုခြင်း၊ | ● ကလေးများသည် ၁၀ မီတာအကွာအဝေးကို အနီးစပ်ဆုံးခန့်မှန်းနိုင်မည်။<br>● ကလေးများသည် ပတ်ဝန်းကျင်ရှိ ပစ္စည်းများ၏ အလျားကို မီတာနှင့် စင်တီမီတာတို့ဖြင့် တိုင်းတာတတ်ရန်အတွက် ၁၀ မီတာကြိုးကိုအသုံးပြုနိုင်မည်။ |
| ၄ | မြေပုံတစ်ခုပေါ်တွင် လမ်းအကွာအဝေးကို ကီလိုမီတာနှင့် မီတာတို့ဖြင့် ဖော်ပြတတ်ရန်၊ ကီလိုမီတာနှင့် မီတာကြား အပြန်အလှန်ပြောင်းဖွဲ့တတ်ရန်၊ | ● မြေပုံတစ်ခုပေါ်တွင် လမ်းအကွာအဝေးကို ကီလိုမီတာနှင့် မီတာတို့ဖြင့်ဖော်ပြခြင်း၊<br>● ကီလိုမီတာနှင့် မီတာကို အပြန်အလှန်ပြောင်းဖွဲ့ခြင်း၊ | ● ကလေးများသည် မြေပုံတစ်ခုပေါ်တွင် လမ်းအကွာအဝေးကို ကီလိုမီတာနှင့် မီတာတို့ဖြင့် ဖော်ပြနိုင်မည်။<br>● ကလေးများသည် ကီလိုမီတာနှင့် မီတာကြား အပြန်အလှန်ပြောင်းဖွဲ့နိုင်မည်။ |
| ၅ | မြေပုံတစ်ခုပေါ်တွင် တစ်ဖြောင့်တည်း အကွာအဝေးကို ကီလိုမီတာနှင့် မီတာတို့ဖြင့် ဖော်ပြတတ်ရန်၊ | ● မြေပုံတစ်ခုပေါ်တွင် တစ်ဖြောင့်တည်း အကွာအဝေးများကို ကီလိုမီတာနှင့် မီတာတို့ဖြင့် ဖော်ပြခြင်း၊<br>● လမ်းအကွာအဝေးနှင့် တစ်ဖြောင့်တည်း အကွာအဝေးဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း၊ | ● ကလေးများသည် မြေပုံတစ်ခုပေါ်တွင် တစ်ဖြောင့်တည်းအကွာအဝေးများကို ကီလိုမီတာနှင့် မီတာတို့ဖြင့် ဖော်ပြနိုင်မည်။<br>● ကလေးများသည် လမ်းအကွာအဝေးနှင့် တစ်ဖြောင့်တည်းအကွာအဝေးဆိုင်ရာပုစ္ဆာများကို ဖြေရှင်းနိုင်မည်။ |

| စာသင်ချိန် | သင်ယူမှု ဦးတည်ချက် | စာသင်ချိန်အသီးသီးရှိ လုပ်ငန်းများ | အကဲဖြတ်ရမည့်စံ |
|---|---|---|---|
| ၆ | ၁၀၀ မီတာနှင့် ၁ ကီလို မီတာကို ခန့်မှန်းတတ်ရန်၊ | ● ၁၀၀ မီတာကို လမ်းလျှောက်ပြီး ခန့်မှန်းခြင်း၊<br>● ၁ ကီလိုမီတာကို ၁၀၀ မီတာမှ ခန့်မှန်းခြင်း၊ | ● ကလေးများသည် ၁၀၀ မီတာအကွာအဝေးကို အနီးစပ်ဆုံးခန့်မှန်းနိုင်မည်။<br>● ကလေးများသည် ၁ ကီလိုမီတာအကွာအဝေးကို အနီးစပ်ဆုံးခန့်မှန်းနိုင်မည်။ |
| ၇ | ကီလိုမီတာနှင့် မီတာအသုံးပြုပြီး အလျားအတိုင်းအတာနှင့် အကွာအဝေးဆိုင်ရာပုစ္ဆာများကိုဖြေရှင်းတတ်ရန်၊ | ● ကီလိုမီတာနှင့်မီတာအသုံးပြုပြီး အလျားအတိုင်းအတာနှင့် အကွာအဝေးဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း၊ | ● ကလေးများသည် ကီလိုမီတာနှင့် မီတာအသုံးပြုပြီး အလျားအတိုင်းအတာနှင့် အကွာအဝေးဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။ |
| ၈ | အလျားအတိုင်းအတာကို မြန်မာယူနစ်များဖြစ်သော တောင်နှင့် ထွာတို့ဖြင့် ဖော်ပြတတ်ရန်၊ | ● အလျားအတိုင်းအတာကို မြန်မာယူနစ်များဖြစ်သော တောင်နှင့် ထွာတို့ဖြင့် ဖော်ပြခြင်း၊ | ● ကလေးများသည် အလျားအတိုင်းအတာကို မြန်မာယူနစ်များဖြစ်သော တောင်နှင့် ထွာတို့ဖြင့် ဖော်ပြနိုင်မည်။ |

## ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ဒုတိယတန်းတွင် အလျားအတိုင်းအတာနှင့်စပ်လျဉ်း၍ အောက်ပါအကြောင်းအရာများကို သင်ယူခဲ့ကြသည်။

- အလျားများကို စင်တီမီတာ၊ မီလီမီတာတို့ဖြင့် တိုင်းတာခြင်း
- အလျားများကို မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာခြင်း
- ယူနစ်များကြား အပြန်အလှန်ပြောင်းဖွဲ့ခြင်း
- အလျားများကို ပေါင်းခြင်း၊ နုတ်ခြင်း
- "လက်မ" နှင့် "ပေ" စသည့် အလျားတိုင်းအင်္ဂလိပ်ယူနစ်များ

ဤအခန်းတွင် ကလေးများသည် အလျားအတိုင်းအတာနှင့်အကွာအဝေးကို သင်ယူရန် အထက်ပါသိပြီးအသိပညာကိုအသုံးပြုကြမည်။

## သင်ကြားသင်ယူရမည့်အချက်များ

### အလျားတိုင်း လုပ်ငန်းများ



သင်္ချာသင်ရိုးရှိ အလျားအတိုင်းအတာအပိုင်းတွင် အလျားများကို အလျားတိုင်းကိရိယာများဖြင့် တိုင်းတာခြင်းလုပ်ငန်းသည် ကလေးများအတွက် အဓိကသော့ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကလေးများသည် ဤသို့လုပ်ငန်းများလုပ်ဆောင်ခြင်းအားဖြင့် အလျားအတိုင်းအတာကို ခန့်မှန်းနိုင်စွမ်း တိုးတက်လာမည်ဖြစ်သည်။ ကလေးများသည် အလျားအတိုင်းအတာများကို ကျွမ်းကျင်စွာတွက်နိုင်ပြီဖြစ်သည့်တိုင် အလျားအတိုင်းအတာကို စိတ်ဖြင့် ခန့်မှန်းသိနိုင်မည်ဟု မယူဆနိုင်ပေ။

ဒုတိယတန်းတွင် ကလေးများသည် ပစ္စည်းများ၏အလျားကို မီတာ၊ စင်တီမီတာဖြင့် ခန့်မှန်းခြင်းနှင့် တိုင်းတာခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပြီး အလျားများကို ခန့်မှန်းရန် သူတို့၏လက်များကိုအသုံးပြုခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ကလေးများသည် အလျားများ၏အတိုအရှည်ကို အတိုင်းအတာတစ်ခုအထိ စိတ်ဖြင့်ခန့်မှန်းသိရှိနိုင်ကြမည်။

တတိယတန်းတွင် ကလေးများသည် ရှည်လျားသောအလျားများ သို့မဟုတ် အကွာအဝေးများကို ကီလိုမီတာ၊ မီတာဖြင့် ခန့်မှန်းခြင်း (တိုင်းတာခြင်း) လုပ်ငန်းများကို လုပ်ဆောင်ကြရမည်။ ရှည်လျားသော အလျားများ သို့မဟုတ် အကွာအဝေးများကို စိတ်ဖြင့် ခန့်မှန်းသိနိုင်ရန် ကလေးများကို လက်တွေ့လမ်းလျှောက်ကြည့်စေရန် အရေးကြီးသည်။

ထို့အပြင် "၁၀၀ မီတာကို ၂ မိနစ်လောက်နဲ့ လျှောက်နိုင်တယ်။ ကျောင်းက အိမ်ကိုရောက်ဖို့ ၁၀ မိနစ်လောက်ကြာတယ်။ ဒါကြောင့် ၅၀၀ မီတာလောက် ဝေးမယ်" စသည်ဖြင့် နေ့စဉ်ဘဝတွင် အလျားနှင့်အကွာအဝေးဆိုင်ရာအသိပညာကို ကလေးများ အသုံးပြုရာတွင် အထောက်အကူဖြစ်စေမည်။ ဤနည်းအားဖြင့် သင်္ချာဆိုင်ရာနားလည်မှုနှင့် ကျွမ်းကျင်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

# စာသင်ချိန် ၁ ၊ ၂

**သင်ယူမှုဦးတည်ချက်**

- ၁.၅ မီတာရှိသော မီတာကြိုးကိုအသုံးပြု၍ ရရှိနိုင်သောပစ္စည်းများဖြင့် ၁၀ မီတာရှိသော မီတာကြိုး ပြုလုပ်တတ်ရန်၊

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

- ၁.၅ မီတာရှိသော မီတာကြိုး
- ပလတ်စတစ်ကြိုး
- ကြိုးပေါ်တွင် အရောင် ၃ ခုမှတ်ရန် ပစ္စည်း (ရောင်စုံစက္ကူ)
- တိပ် သို့မဟုတ် ချပ်စက်
- ကြိုတင်ပြုလုပ်ထားသည့် ၁၀ မီတာ မီတာကြိုး

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

၁။ ကလေးများ ကျောင်းသုံးစာအုပ်ရှိပုံကိုကြည့်စေပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ပုံထဲမှာ ကလေးတွေ ဘာလုပ်နေသလဲ။
- ယောကျ်ားလေးက ဘာကို စဉ်းစားနေသလဲ။

➔ ၁၀ မီတာရှိသော မီတာကြိုး ပြုလုပ်ရသည့် အကြောင်းအရင်းကို ကလေးများ သေချာစွာ နားလည်ပါစေ။

၂။ အဓိကမေးခွန်း ၁ ကို ကလေးများကြည့်စေပြီး ၁၀ မီတာရှိသော မီတာကြိုး မည်သို့ပြုလုပ်ရမည်ကို ဆရာက ရှင်းပြပါ။

➔ လိုအပ်လျှင် ကလေးများကို ရှင်းပြရန် ကြိုတင်ပြုလုပ်ထားသည့် ၁၀ မီတာရှိသော မီတာကြိုးကို အသုံးပြုပါ။

၃။ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ တစ်အုပ်စုစီကို လိုအပ်သောပစ္စည်းများပေးပါ။ အုပ်စုတစ်စုစီက ၁၀ မီတာရှိသော မီတာကြိုးတစ်ချောင်းစီ ပြုလုပ်ပါစေ။

➔ ၁.၅ မီတာရှိသော မီတာကြိုး၏ ၁ မီတာအပိုင်းကိုသာ အသုံးပြုပါစေ။ ကလေးများအတွက် ပို၍ သက်သာလွယ်ကူစေရန် လေးထောင့်ကွက်ထဲမှ ဖြည့်စွက်ရှင်းလင်းချက်ကို ကြည့်ပါ။

၄။ ကလေးများ ပြုလုပ်ထားသည့် ၁၀ မီတာရှိသော မီတာကြိုးကိုအသုံးပြုပြီး မေးခွန်း ၁ ကို တစ်ဦးချင်းစီ လုပ်ဆောင်ပါစေ။ အဖြေများကို အုပ်စုတွင်းစစ်ဆေးစေပြီး တစ်တန်းလုံးတွင် စစ်ဆေးပါစေ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။



## ၅ အလျားအတိုင်းအတာနှင့် အကွာအဝေး




**၁ ကြိုးတစ်ချောင်းကို ၁၀ မီတာရှိတဲ့ မီတာကြိုး လုပ်ရအောင်။**







**၁** အောက်ပါအတိုင်းအတာတွေပြတဲ့နေရာတွေကို မီတာကြိုးပေါ်မှာ ရှာပါ။

(က) ၂ မီတာ ၅၀ စင်တီမီတာ (ခ) ၃ မီတာ ၈၀ စင်တီမီတာ

**လက်တွေ့ပြုလုပ်ရန်**

၃၀

**ဖြည့်စွက်ရှင်းလင်းချက်၊ ၁၀ မီတာရှိသော မီတာကြိုးကိုအသုံးပြုခြင်း**

ဒုတိယတန်းတွင် ကလေးများသည် သူတို့ ပတ်ဝန်းကျင်တွင် အလွယ်တကူ ရရှိနိုင်သည့် ၁.၅ မီတာရှိသော မီတာကြိုးဖြင့် အလျားများတိုင်းတာခြင်းကို သင်ယူခဲ့သည်။ သို့သော် ၁.၅ မီတာရှိသောမီတာကြိုးသည် ၁.၅ မီတာထက် ပိုရှည်သောအလျားများကို တိုင်းတာရန် အသုံးမဝင်ပေ။

၁.၅ မီတာထက် ပိုရှည်သောအလျားများကို လက်တွေ့တိုင်းတာရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့တိုင်းတာခြင်းဖြင့် ကလေးများသည် ၅ မီတာ၊ ၈ မီတာ၊ ၁၀ မီတာ စသည်တို့သည် မည်မျှအရှည်ရှိသည်ကို စိတ်ကူးနိုင်ကြမည်ဖြစ်သည်။ ၁၀ မီတာအရှည်ကို စိတ်ဖြင့်ခန့်မှန်းနိုင်လျှင် ဤအခန်း၏ နောက်ပိုင်းတွင်သင်ယူမည့် ၁၀၀ မီတာနှင့် ၁ ကီလိုမီတာတို့သည်လည်း မည်မျှ အရှည်ရှိသည်ကို စိတ်ဖြင့်ခန့်မှန်းသိရှိနိုင်မည်။

၁၀ မီတာရှိသောမီတာကြိုးကိုအသုံးပြုရခြင်း၏ အခြားသောအကျိုးကျေးဇူး တစ်ခုမှာ ဖြောင့်တန်းမနေသောပစ္စည်းများ၏အလျားကို တိုင်းတာနိုင်ခြင်းဖြစ်သည်။ ဥပမာ ကျောင်းသုံးစာအုပ်မှ ပုံတွင်ပါသည့်အတိုင်း ကြီးမားသောသစ်ပင်၏လုံးပတ်ကိုတိုင်းတာရန် မီတာကြိုးကို အသုံးပြုနိုင်သည်။ ဤအကျိုးကျေးဇူးကို ကလေးများ သတိပြုမိပါစေ။

**၂ ပတ်ဝန်းကျင်မှာရှိတဲ့ အလျားအမျိုးမျိုးကို ၁၀ မီတာကြိုးသုံးပြီး တိုင်းရအောင်။**

(က) ၁၀ မီတာလို့ ထင်ရတဲ့နေရာအထိ လမ်းလျှောက်ပြီး အလျားကို တိုင်းကြည့်ရအောင်။



**လက်တွေ့ပြုလုပ်၍ ရသောအဖြေ**

(ခ) ပတ်ဝန်းကျင်မှာရှိတဲ့ အလျားအမျိုးမျိုးကိုခန့်မှန်းရအောင်။ ၁၀ မီတာရှိတဲ့ မီတာကြိုးတစ်ချောင်းနဲ့ အလျားတွေကို စစ်ဆေးမယ်။



သင်ပုန်းရဲ့အလျား



သစ်ပင်ရဲ့ပင်စည်

အတိုင်းအတာတွေကို ဇယားမှာ မှတ်သားပြီး တစ်တန်းလုံးကို တင်ပြပါ



**လက်တွေ့ပြုလုပ်၍ ရသောအဖြေ**

| ပစ္စည်းအမည် | ခန့်မှန်းအလျား | တိုင်းတာအလျား |
|---|---|---|
| သင်ပုန်း၏အလျား | ၄ မီတာ | ၄ မီတာ ၁၀ စင်တီမီတာ |
| သစ်ပင်၏ပင်စည် | ၃ မီတာ | ၃ မီတာ ၃၀ စင်တီမီတာ |

၃၁

## စာသင်ချိန် ၃

### သင်ယူမှုဦးတည်ချက်

- ပစ္စည်းများ၏ အလျားကို တိုင်းတာရန်အတွက် ၁၀ မီတာရှိသော မီတာကြိုးကိုအသုံးပြုတတ်ရန်၊

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးများ ပြုလုပ်ခဲ့သည့် ၁၀ မီတာရှိသော မီတာကြိုး

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၂ ကို သေချာစွာဖတ်စေပြီး (က) နှင့် (ခ) တွင် ကလေးများ မည်သို့လုပ်ဆောင်ကြရမည်ကိုမေးပါ။ ပြီးနောက်လုပ်ဆောင်ရမည့်လုပ်ငန်းကို ရှင်းပြပါ။

➔ လုပ်ငန်းကို ကလေးများသေချာစွာနားလည်ပါစေ။

၂။ ကလေး ၃ ယောက်တစ်ဖွဲ့စီ အုပ်စုဖွဲ့ပါ။ မေးခွန်း (က) ကို သင့်လျော်သည့်နေရာတွင်လုပ်ဆောင်ပါစေ။

➔ ဤလုပ်ငန်းတွင် ၁၀ မီတာအရှည်က မည်မျှရှိသည်ကို ခန့်မှန်းသိရှိရန် ကြိုးပမ်းရမည်ကို ကလေးများ သတိပြုမိပါစေ။

၃။ မေးခွန်း (ခ) ကို ကလေး ၃ ယောက် တစ်ဖွဲ့စီ လုပ်ဆောင်ပါစေ။

➔ ၁၀ မီတာရှိသော မီတာကြိုးအသုံးပြုပြီး အလျားများကို တိုင်းတာနိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

➔ အုပ်စုတစ်စုစီတွင် ကလေးနှစ်ယောက်က အလျားကို တိုင်းပြီး ကျန်တစ်ယောက်က အတိုင်းအတာကို ရေးပါစေ။

၄။ ကလေးအုပ်စုအသီးသီးက သူတို့ရရှိသည့် အတိုင်းအတာများကို အတန်းသို့ တင်ပြပါစေ။

➔ သူတို့၏ ခန့်မှန်းချက်သည် နီးစပ်မှု ရှိ မရှိ စစ်ဆေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

### ဖြည့်စွက်ရှင်းလင်းချက်၊ အလျားများကို ခန့်မှန်းခြင်း (၁)

ကျွန်ုပ်တို့၏နေ့စဉ်ဘဝတွင် တိုင်းတာသည့်ကိရိယာများမရှိဘဲ အောက်ပါအတိုင်း အလျားနှင့် အကွာအဝေးများကို ခန့်မှန်းရသည့်အချိန်အခါများရှိသည်။

- မမြင်ဖူးသော ပိုးကောင်တစ်ကောင်၏ကိုယ်ထည်အလျားကို ခန့်မှန်းခြင်း (ဥပမာ ၅ မီလီမီတာရှိသောကိုယ်ထည်အလျား)
- မမြင်ဖူးသော တိရစ္ဆာန်တစ်ကောင်၏ ကိုယ်ထည်အလျားကို ခန့်မှန်းခြင်း (ဥပမာ သင်းခွေချပ်၏ ကိုယ်ထည်အလျားသည် ၅၀ မှ ၆၀ စင်တီမီတာရှိသည်)
- အဝတ်လှန်းကြိုးတန်းပြုလုပ်မည့် တိုင် ၂ တိုင်ကြားရှိ အလျားကို ခန့်မှန်းခြင်း (ဥပမာ အလျားသည် ၂ မီတာ ၅၀ စင်တီမီတာခန့်၊ ထို့ကြောင့် ၃ မီတာ ရှိသည့် ကြိုးကို ပြင်ဆင်ရမည်)
- နေရာ ၂ နေရာကြား အကွာအဝေးကို ခန့်မှန်းခြင်း (ဥပမာ အိမ်မှ ကျောင်းသို့ ၃၀ မိနစ်ကြာသည်။ ထို့ကြောင့် အကွာအဝေးသည် ၂ ကီလိုမီတာခန့်ရှိမည်)

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အလျား သို့မဟုတ် အကွာအဝေးကို ခန့်မှန်းခြင်းသည် နေ့စဉ်ဘဝတွင် လိုအပ်သောကျွမ်းကျင်မှုတစ်ခုဖြစ်သကဲ့သို့ သိပ္ပံနှင့် လူမှုရေးဘာသာများသင်ယူရာတွင်လည်းအသုံးဝင်ပေသည်။ သို့ဖြစ်၍ ဤကျွမ်းကျင်မှုကိုရရှိရန် မူလတန်းအောက်အဆင့်မှစ၍ လေ့ကျင့်သင်ယူရမည်ဖြစ်သည်။

# စာသင်ချိန် ၄

**သင်ယူမှုဦးတည်ချက်**
- မြေပုံတစ်ခုပေါ်တွင် လမ်းအကွာအဝေးကို ကီလိုမီတာနှင့် မီတာတို့ဖြင့် ဖော်ပြတတ်ရန်၊
- ကီလိုမီတာနှင့် မီတာကြား အပြန်အလှန်ပြောင်းဖွဲ့တတ်ရန်၊

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**
- မရှိပါ

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

၁။ အဓိကမေးခွန်း ၃ ရှိ မြေပုံကို ကြည့်စေပြီး အောက်ပါအတိုင်း နေရာနှင့် အကွာအဝေးဆိုင်ရာ မေးခွန်းများကို မေးပါ။
- ဒီမြေပုံမှာ ဘယ်နေရာတွေကို တွေ့သလဲ။
- ဈေးက ဆေးရုံနဲ့ ဘယ်လောက်ဝေးသလဲ။

➔ ကလေးများ မြေပုံပေါ်မှ နေရာနှင့်အကွာအဝေး များကို မည်သို့ရှာရမည်ကို သေချာစွာနားလည် ပါစေ။

၂။ အဓိကမေးခွန်း ၃ (က) ကို ဖတ်ပြီး တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေး ပြီး တစ်တန်းလုံးတွင် စစ်ဆေးပါစေ။

၃။ အနီရောင်လေးထောင့်ကွက်ကို ဖတ်စေပြီး လမ်း အကွာအဝေးသဘောကိုမိတ်ဆက်ပေးပါ။ ကီလိုမီတာ ကို မီတာနှင့်ချိတ်ဆက်၍ မိတ်ဆက်ပေးပါ။

➔ လမ်းအကွာအဝေးသည် တစ်ဖြောင့်တည်း ဖြောင့်တန်းနေရမည်မဟုတ်ကြောင်းကို ကလေးများ သတိပြုမိပါစေ။

➔ ၁၁၀၀ မီတာသည် ၁ ကီလိုမီတာ ၁၀၀ မီတာ ဖြစ်သည်ကို ကလေးများ သေချာစွာနားလည် ပါစေ။

၄။ မေးခွန်း ၃ (ခ) ကို ကလေးများဖတ်ပြီး တစ်ဦး ချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေး ပြီး တစ်တန်းလုံးတွင် စစ်ဆေးပါစေ။

➔ မြေပုံပေါ်မှ အခြားသောလမ်းအကွာအဝေးများ ကိုမေးပြီး မြေပုံတစ်ခုပေါ်တွင်လမ်းအကွာအဝေး ကို ကီလိုမီတာ၊ မီတာဖြင့် ကလေးများ ဖော်ပြ နိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။



**၃ မြေပုံကြည့်ပြီး လမ်းတစ်လျှောက်အကွာအဝေးတွေကို ရှာရအောင်။**




(က) နီနီရဲ့အိမ်ကနေ ကျောင်းကို ဘယ်နှမီတာ သွားရသလဲ။

၃၀၀ မီတာ + ၈၀၀ မီတာ = **၁၁၀၀** မီတာ

လမ်းတစ်လျှောက် တိုင်းတာထားသော အလျားကို **လမ်းအကွာအဝေး** ဟု ခေါ်သည်။ ရှည်လျားသောအကွာအဝေးကို တိုင်းတာရာတွင် အသုံးပြုသည့် **ကီလိုမီတာ** ဟု ခေါ်သော အလျားတိုင်း ယူနစ်တစ်ခုရှိသည်။

**၁ ကီလိုမီတာ = ၁၀၀၀ မီတာ**

နီနီရဲ့ အိမ်ကနေ ကျောင်းအထိ လမ်းအကွာအဝေးက ၁ ကီလိုမီတာ ၁၀၀ မီတာ ရှိတယ်။

(ခ) စိစိရဲ့ အိမ်ကနေ စာအုပ်ဆိုင်အထိ လမ်းအကွာအဝေးက ကီလိုမီတာ၊ မီတာ အားဖြင့် ဘယ်လောက်လဲ။ **၁ ကီလိုမီတာ ၈၀ မီတာ**

၄၂

**ဖြည့်စွက်ရှင်းလင်းချက်၊ အလျားများကို ခန့်မှန်းခြင်း (၂)**

အလျားများကို ခန့်မှန်းခြင်းသည်အလျားအတိုင်းအတာ သင်ယူခြင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုသို့ခန့်မှန်းခြင်းဖြင့် အလျားကို စိတ်ဖြင့်ခန့်မှန်းသိရှိနိုင်မည်ဖြစ်သည်။။ ဒုတိယတန်းတွင် ၁၀ စင်တီမီတာကို လက်ဖြင့် ခန့်မှန်းခြင်းအား သင်ယူခဲ့ကြသည်။ ဤနည်းဖြင့် ၁၀ စင်တီမီတာ အရှည်ရှိသောပစ္စည်းများကို ရှာခဲ့ကြသည်။

ထို့အပြင် ဒုတိယတန်းတွင် ကလေးများ ဆန့်ထားသောလက်နှစ်ဖက်၏အလျားကို တိုင်းတာခဲ့ကြသည်။ ထိုအလျားသည် ၁ မီတာခန့် ရှည်သည်။ ထို့ကြောင့် ၁ မီတာအရှည်ကို သူတို့ လက်ဖြင့် ခန့်မှန်းနိုင်ကြပြီး ၁ မီတာခန့်ရှိသည့် ပစ္စည်းများကို လက်အသုံးပြုပြီးရှာနိုင်သည်။





ထိုနည်းတူကလေးများသည် ၁၀ မီတာ၊ ၁၀၀ မီတာနှင့် ၁ ကီလိုမီတာကိုလမ်းလျှောက် ပြီး ခန့်မှန်းကြမည်။ ထိုသို့ စိတ်ဖြင့် ခန့်မှန်းသိရှိ နိုင်မှုကို အလျားများနှင့် အကွာအဝေး ခန့်မှန်း ရာတွင် အသုံးပြုနိုင်မည်။

စာသင်ချိန် ၄

**၂** ကွက်လပ်ဖြည့်ပါ။

(က) ၄ ကီလိုမီတာ = **၄၀၀၀** မီတာ

(ခ) ၂ ကီလိုမီတာ ၄၅၀ မီတာ = **၂၄၅၀** မီတာ

(ဂ) ၁ ကီလိုမီတာ ၈၀ မီတာ = **၁၀၈၀** မီတာ

(ဃ) ၆၀၀၀ မီတာ = **၆** ကီလိုမီတာ

(င) ၃၂၀၀ မီတာ = **၃** ကီလိုမီတာ **၂၀၀** မီတာ

(စ) ၁ ကီလိုမီတာ = ၁၀၀ မီတာ **၁၀** ကြိမ်

စာသင်ချိန် ၅

**၄ မြေပုံပေါ်က နေရာနှစ်ခုကြား အကွာအဝေးကို ရှာရအောင်။**

(က) နီနီရဲ့အိမ်နဲ့ စာတိုက်ကြားက အကွာအဝေးကို မီတာနဲ့ပြပါ။
**၅၄၀ မီတာ**

(ခ) နီနီရဲ့အိမ်နဲ့ စာအုပ်ဆိုင်ကြား အကွာအဝေးကို ကီလိုမီတာ၊ မီတာနဲ့ပြပါ။ **၁ ကီလိုမီတာ ၁၇၀ မီတာ**




**၃** နီနီက အိမ်ကနေ စာအုပ်ဆိုင်ကို စာတိုက်ကနေတစ်ဆင့် သွားတယ်။

(က) သူ့အိမ်ကနေ စာအုပ်ဆိုင်အထိ လမ်းအကွာအဝေးကို ကီလိုမီတာ၊ မီတာနဲ့ရှာပါ။
**၁ ကီလိုမီတာ ၅၃၀ မီတာ**

(ခ) နီနီရဲ့ အိမ်ကနေ စာအုပ်ဆိုင်အထိ လမ်းအကွာအဝေးနဲ့ တစ်ဖြောင့်တည်း အကွာအဝေးကြားက ခြားနားချက်ကို ရှာပါ။
**၁၅၃၀ မီတာ − ၁၁၇၀ မီတာ = ၃၆၀ မီတာ**

**၄** မြေပုံသုံးပြီး မေးခွန်းအမျိုးမျိုးလုပ်ပါ၊ မေးခွန်းတွေကို ဖြေပါ။

**(က) စီစီအိမ်မှ ဈေးအထိ လမ်းအကွာအဝေးကို ကီလိုမီတာ၊ မီတာနဲ့ ပြပါ။**

**(ခ) နီနီအိမ်ကနေ စာတိုက်အထိ လမ်းအကွာအဝေးနဲ့ တစ်ဖြောင့်တည်း အကွာအဝေးကြားက ခြားနားချက်ကိုရှာပါ။ စသည်ဖြင့်**

၃၃

## ဖြည့်စွက်ရှင်းလင်းချက်၊ လမ်းအကွာအဝေးနှင့် တစ်ဖြောင့်တည်းအကွာအဝေး

ဤအခန်းတွင် ကလေးများသည် လမ်းအကွာအဝေးနှင့် တစ်ဖြောင့်တည်း အကွာအဝေးကို မတူညီသောသဘောတရားနှစ်ခုအဖြစ် သင်ယူကြရမည်။ သဘောတရားနှစ်ခုစလုံးသည် အရေးကြီးပြီး အသုံးဝင်သည်။ တစ်ဖြောင့်တည်း အကွာအဝေးသဘောကို သင်္ချာဘာသာရပ်နှင့် အခြားသောဘာသာရပ်များတွင် အောက်ပါကိစ္စရပ်များ၌ အများဆုံးအသုံးပြုသည်။

- အမှတ် ၂ ခုကြား အကွာအဝေး
- ကမ္ဘာနှင့် လကြား အကွာအဝေး
- ရန်ကုန်နှင့် မန္တလေး အကွာအဝေး

အောက်ပါကိစ္စရပ်များတွင် လမ်းအကွာအဝေးကို အသုံးပြုရမည်။

- အိမ်နှင့် ကျောင်းကြား လမ်းအကွာအဝေး (ခြေလျင်လျှောက်၍ ကြာချိန်ကို ခန့်မှန်းခြင်း)
- အင်းလျားကန်တစ်ပတ် လမ်းလျှောက်ရန် လမ်းအကွာအဝေး

ဤသဘောနှစ်ခုလုံး၏ခြားနားခြင်းကို ကလေးများသေချာစွာနားလည်စေရန် ဆရာက ရှင်းပြရမည်။ ထို့အပြင် နေရာနှစ်ခုကြားရှိ လမ်းအကွာအဝေးသည် တစ်ဖြောင့်တည်းအကွာအဝေးထက် အမြဲပိုရှည်သည် သို့မဟုတ် တူညီသည်ကို ကလေးများ သတိပြုမိပါစေ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၅။ မေးခွန်း ၂ ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးတွင် စစ်ဆေးပါစေ။

➔ ကီလိုမီတာနှင့် မီတာကြား အပြန်အလှန် ပြောင်းဖွဲ့နိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

## စာသင်ချိန် ၅

### သင်ယူမှုဦးတည်ချက်

- မြေပုံတစ်ခုပေါ်တွင် တစ်ဖြောင့်တည်း အကွာအဝေးကို ကီလိုမီတာနှင့် မီတာတို့ဖြင့် ဖော်ပြတတ်ရန်၊

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပြီးခဲ့သောစာမျက်နှာမှ မြေပုံကို ကလေးများ ကြည့်စေပြီး ပြီးခဲ့သောသင်ခန်းစာကို ပြန်သတိရရန် နီနီ၏အိမ်နှင့် စာတိုက်ကြားရှိ လမ်းအကွာအဝေးကို မေးပါ။

၂။ နီနီ၏အိမ်နှင့် စာတိုက်ကြားရှိ အနီရောင်မျဉ်းသည် မည်သည်ကိုပြသည်ကို ကလေးများကိုမေးပါ။ အဓိကမေးခွန်း ၄ (က) ၏ အဖြေသည် ၅၄၀ မီတာ ဖြစ်သည်ကို တစ်တန်းလုံးတွင် အတည်ပြုပါ။

➔ တစ်ဖြောင့်တည်းအကွာအဝေးနှင့် လမ်းအကွာအဝေးကြား ခြားနားချက်ကို ကလေးများ သေချာစွာနားလည်ပါစေ။

၃။ အဓိကမေးခွန်း ၄ (ခ) ကို ကလေးများ ဖတ်ပြီး တစ်ဦးချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးတွင် စစ်ဆေးပါစေ။

➔ ကီလိုမီတာနှင့် မီတာကြား အပြန်အလှန်ပြောင်းဖွဲ့ခြင်းကို ပြန်လည်သတိရပါစေ။

၄။ မေးခွန်း ၃ နှင့် ၄ ကို ဖတ်ပြီး တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီမျှဝေစေပြီး တစ်တန်းလုံးတွင်မျှဝေပါစေ။

➔ လမ်းအကွာအဝေးနှင့် တစ်ဖြောင့်တည်းအကွာအဝေးကို ကီလိုမီတာနှင့် မီတာတို့ဖြင့် မှန်ကန်စွာဖော်ပြနိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

# စာသင်ချိန် ၆

**သင်ယူမှုဦးတည်ချက်**

- ၁၀၀ မီတာနှင့် ၁ ကီလိုမီတာကို ခန့်မှန်းတတ်ရန်၊

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

- ကလေးများ ပြုလုပ်ခဲ့သည့် ၁၀ မီတာရှိသော မီတာကြိုး

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၅ (က)ကို ကလေးများဖတ်ပါစေ။ ကလေးအချို့ကို ၁၀ မီတာရှိသော မီတာကြိုး တစ်လျှောက် လမ်းလျှောက်ပါစေ။ ခြေလှမ်းမည်မျှ လှမ်းရသည်ကို မှတ်သားထားပါစေ။

➔ စာသင်ခန်းအခြေအနေပေါ် မူတည်၍ အုပ်စုလိုက် သို့မဟုတ် တစ်တန်းလုံး လုပ်ငန်းလုပ်ဆောင်မည်ကို ဆုံးဖြတ်ပါ။

၂။ ၁၀၀ မီတာ လမ်းလျှောက်ရန် ခြေလှမ်းမည်မျှ လှမ်းရမည်ကို ခန့်မှန်းရန် တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေစေပြီးနောက် တစ်တန်းလုံးတွင် မျှဝေပါစေ။ အခြေအနေပေးလျှင် ခန့်မှန်းသည့်ခြေလှမ်းအရေအတွက်အတိုင်း လမ်းလျှောက်စေပြီး အချိန်မည်မျှကြာသည်ကို မှတ်သားထားပါစေ။

➔ ၁၀၀ မီတာအကွာအဝေးကို လုပ်ငန်းများပြုလုပ်ပြီး ကလေးများ သိရှိခံစားနိုင်ပါစေ။

၃။ အဓိကမေးခွန်း ၅ (ဂ) ကို ကလေးများ တစ်ဦးချင်းစီလုပ်ဆောင်ပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီမျှဝေစေပြီး တစ်တန်းလုံးတွင် မျှဝေပါစေ။

➔ ၁ ကီလိုမီတာအကွာအဝေးကိုခံစားသိရှိရန် သူတို့ခန့်မှန်းထားသော အချိန်နှင့်ခြေလှမ်းအတိုင်း လက်တွေ့လျှောက်ကြည့်ပါစေ။

၄။ မေးခွန်း ၅ ကို တစ်ဦးချင်းစီ ဦးစွာဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီမျှဝေစေပြီး တစ်တန်းလုံးတွင် မျှဝေပါစေ။

➔ ကလေးများ သူတို့၏ အားလပ်ချိန်များတွင် လက်တွေ့လျှောက်ကြည့်ခြင်းဖြင့် တွေ့ရှိချက်များကို စစ်ဆေးပါစေ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။



စာသင်ချိန် ၆

**၅ ၁၀၀ မီတာနဲ့ ၁ ကီလိုမီတာ အကွာအဝေးတွေကို ခန့်မှန်းရအောင်။**

(က) ၁၀ မီတာကြိုးတစ်လျှောက် လမ်းလျှောက်ကြည့်ရအောင်။ ခြေလှမ်း ဘယ်နှလှမ်း လှမ်းဖို့လိုမလဲ။



(ခ) ၁၀၀ မီတာ လမ်းလျှောက်ဖို့ ခြေလှမ်းဘယ်နှလှမ်းလိုသလဲ ခန့်မှန်းရအောင်။ ပြီးရင် ခန့်မှန်းထားတဲ့အတိုင်း ၁၀၀ မီတာအကွာအဝေးကို လျှောက်ကြည့်ပါ။ အချိန်ကို မှတ်ထားပါ။ **လက်တွေ့ပြုလုပ်၍ ရသောအဖြေ**

(ဂ) ၁ ကီလိုမီတာ လမ်းလျှောက်ဖို့ ခြေလှမ်း ဘယ်နှလှမ်းလိုသလဲ၊ ဘယ်လောက်ကြာမလဲ ခန့်မှန်းရအောင်။ **လက်တွေ့ပြုလုပ်၍ ရသောအဖြေ**

**၅** (က) စာသင်ခန်းကနေ ၁၀၀ မီတာအကွာမှာ ဘာတွေရှိသလဲ။
**လက်တွေ့ပြုလုပ်၍ ရသောအဖြေ**

(ခ) ကျောင်းကနေ ၁ ကီလိုမီတာအကွာမှာ ဘာတွေရှိသလဲ။
**လက်တွေ့ပြုလုပ်၍ ရသောအဖြေ**

**လေ့ကျင့်ခန်း**

စာသင်ချိန် ၇

၁။ အောက်ပါကွက်လပ်များတွင် သင့်တော်သည့်အလျားတိုင်းယူနစ်များ ဖြည့်ပါ။

(က) ရေဘူးတစ်ဘူး၏ အမြင့် ⟶ ၂၂ **စင်တီမီတာ**

(ခ) ၂ နာရီကြာ လမ်းလျှောက်ရသည့် လမ်းအကွာအဝေး ⟶ ၆ **ကီလိုမီတာ**

(ဂ) စာသင်ခန်း၏အလျား ⟶ ၇ **ကီလိုမီတာ**

(ဃ) ဗလာစာအုပ်၏အထူ ⟶ ၇ **မီလီမီတာ**



**အဓိကမေးခွန်း ၅ ၏ နမူနာအဖြေများ**

(က) တတိယတန်းကျောင်းသားတစ်ဦး ၁၀ မီတာရှိသော မီတာကြိုး တစ်လျှောက် လမ်းလျှောက်လျှင် သူ၏ခြေလှမ်းသည် ၂၄ လှမ်းဖြစ်သည်။

(ခ) ၁၀ မီတာလမ်းလျှောက်ခြင်းသည် ခြေလှမ်း ၂၄ လှမ်းနှင့် ၂၀ စက္ကန့်ကြာလျှင် ၁၀၀ မီတာသည် ၁၀ မီတာ၏ ၁၀ ဆဖြစ်သောကြောင့် ၁၀၀ မီတာ လမ်းလျှောက်ခြင်းသည် ခြေလှမ်း ၂၄၀ လှမ်းရှိမည်။ ၃ မိနစ် ၂၀ စက္ကန့် ကြာမည်။

(ဂ) ၁ ကီလိုမီတာသည် ၁၀၀ မီတာ၏ ၁၀ ဆဖြစ်သောကြောင့် ခြေလှမ်းသည် ၂၄၀၀ လှမ်းဖြစ်ပြီး ၃၃ မိနစ်ကြာမည်။

၂၄ လှမ်းဟုဆိုသော်လည်း အဖြေသည် အတိအကျမဖြစ်နိုင်ပေ။ ကလေးတစ်ဦး၏ ခြေလှမ်းအတိုအရှည်ပေါ် မူတည်၍ ခြေလှမ်းအရေအတွက် အပြောင်းအလဲရှိနိုင်သည်။ ထို့အပြင် ဤလုပ်ငန်း၏ဦးတည်ချက်သည် ၁၀၀ မီတာနှင့် ၁ ကီလိုမီတာအကွာအဝေးကို ခံစားသိရှိရန်ဖြစ်သည်။ သို့ဖြစ်၍ အဖြေကို တိတိကျကျပြောရန် မလိုအပ်ပါ။

စာသင်ချိန် ၇

၂။ ကွက်လပ်ဖြည့်ပါ။

(က) ၂ ကီလိုမီတာ ၁၀၀ မီတာ = **၂၁၀၀** မီတာ

(ခ) ၃၈၅၀ မီတာ = **၃** ကီလိုမီတာ **၈၅၀** မီတာ

၃။ မြေပုံကိုကြည့်ပြီး မေးခွန်းများကိုဖြေပါ။

(က) ဖူးဖူးအိမ်မှ ကျောင်းသို့ လမ်းအကွာအဝေး မည်မျှရှိသနည်း။ **၁၁၀၀ မီတာ**

(ခ) ဖူးဖူးအိမ်မှ ကျောင်းသို့ လမ်းအကွာအဝေး နှင့် တစ်ဖြောင့်တည်းအကွာအဝေး နှစ်ခုကြား ခြားနားချက်ကို ရှာပါ။ **၆၀၀ မီတာ**




စာသင်ချိန် ၈

### တောင်နှင့် ထွာ

တောင်နှင့် ထွာ ဟုခေါ်သောအလျားတိုင်း မြန်မာယူနစ်များရှိသည်။ နေ့စဉ်ဘဝတွင် ၁ တောင်ကို ဖော်ပြပါအတိုင်း သတ်မှတ်ထားသည်။

| | | |
|---|---|---|
| ၁ တောင် | = | ၁၈ လက်မ |
| ၁ တောင် | = | ၄၅ စင်တီမီတာ ဝန်းကျင် |

၁ ထွာသည် ၁ တောင်၏ တစ်ဝက်ဖြစ်သည်။

| | | |
|---|---|---|
| ၁ ထွာ | = | ၉ လက်မ |

တောင်နှင့် ထွာ အကြား ဆက်သွယ်ချက်မှာ

| |
|---|
| ၁ တောင် = ၂ ထွာ |

**မေးခွန်း**

(က) ၂ တောင်တွင် လက်မ မည်မျှရှိသနည်း။ **၃၆ လက်မ**

(ခ) ၂ တောင်တွင် စင်တီမီတာ မည်မျှရှိသနည်း။ **၉၀ စင်တီမီတာဝန်းကျင်**

(ဂ) ၃ ထွာတွင် လက်မ မည်မျှရှိသနည်း။ **၂၇ လက်မ**

၃၅

## ဖြည့်စွက်လေ့ကျင့်ခန်း၊ တောင်နှင့် ထွာ

(၁) သစ်သားချောင်းတစ်ချောင်းကို နှစ်ပိုင်း ပိုင်းသောအခါ တစ်ပိုင်းသည် ၈ တောင်ရှည်ပြီး ကျန်တစ်ပိုင်းသည် ၆ တောင် ၁ ထွာရှည်သည်။ ရှည်သောအပိုင်းသည် တိုသောအပိုင်းထက် မည်မျှပိုရှည်သနည်း။

**၁ တောင် ၁ ထွာ**

(၂) ၁ ထွာ = ၉ လက်မ ဖြစ်လျှင် ၂ တောင် ၁ ထွာသည် လက်မအားဖြင့် မည်မျှဖြစ်မည်နည်း။

**၄၅ လက်မ**

(၃) အဖြူရောင် ပိတ်စ ၂ တောင် ၁ ထွာနှင့် အစိမ်းရောင် ပိတ်စ ၄ တောင် ၁ ထွာကို ဝယ်ယူလျှင် ပိတ်စ အားလုံးမည်မျှဝယ်ခဲ့သနည်း။

**၇ တောင်**

(၄) ၁ ထွာသည် စင်တီမီတာအားဖြင့် မည်မျှရှိမည်နည်း။

**၂၃ စင်တီမီတာ ဝန်းကျင်**

## လေ့ကျင့်ခန်း၏ အဖြေများ

(စာသင်ချိန် ၇)

၁။ စာမျက်နှာ ၄၄ ရှိ ကျောင်းသုံးစာအုပ်ပုံ၏ လေ့ကျင့်ခန်းတွင် ကြည့်ပါ။

၂။ ဘယ်ဘက်ရှိ ကျောင်းသုံးစာအုပ်၏ စာမျက်နှာတွင် ကြည့်ပါ။

၃။ ဘယ်ဘက်ရှိ ကျောင်းသုံးစာအုပ်၏ စာမျက်နှာတွင် ကြည့်ပါ။

## စာသင်ချိန် ၈

### သင်ယူမှုဦးတည်ချက်

- အလျားအတိုင်းအတာကို မြန်မာယူနစ်များဖြစ်သော တောင်နှင့် ထွာတို့ဖြင့် ဖော်ပြတတ်ရန်၊

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ၁. ၅ မီတာရှိသော မီတာကြိုး

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မြန်မာအလျားတိုင်းယူနစ်များဖြစ်သော တောင်နှင့် ထွာကို မိတ်ဆက်ပါ။

➔ ၁၈ လက်မသည် ၁ တောင်နှင့် ညီသည်ကို ကလေးများ သိပါစေ။

➔ ၁ တောင်တွင် စင်တီမီတာ မည်မျှရှိသည်ကို ၁. ၅ မီတာရှိသော မီတာကြိုးပေါ်တွင် ရှာပါစေ။

၂။ ထွာနှင့် လက်မကြား ဆက်သွယ်ချက်ကို ကလေးများ သိပါစေ။

➔ ၉ လက်မသည် ၁ ထွာနှင့် ညီသည်ကို ကလေးများသိပါစေ။

➔ ၁ ထွာသည် ၁ တောင်၏ တစ်ဝက်ဖြစ်သည်ကို ကလေးများကိုယ်တိုင် တွေ့ရှိပါစေ။

၃။ တောင်နှင့် ထွာကြား ဆက်သွယ်ချက်ကို ကလေးများ သိရှိပါစေ။

၄။ မေးခွန်းများကို ဖြေပါစေ။

➔ ပုစ္ဆာများကို တစ်ဦးချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ မျှဝေစေပြီး တစ်တန်းလုံးတွင် မျှဝေပါစေ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။